# မြေလတ်မောင်မြင့်သူ

# အလှဆယ့်နှစ်လီ စာပန်းချီ

# စာရေးသူ၏ ကျေးဇူးတုံ့လွှာ စာသဝဏ်

ဤ"အလှဆယ့်နှစ်လီ စာပန်းချီ" စာအုပ်နှင့် ပတ်သက်၍ ကျွန်တော့် မ ၂ ၁ များများ ပြောစရာမရှိပါ။ ကိုယ့်စာအုပ်အကြောင်း အကောင်း ပြန်ပြောသည့် စာရေးဆရာထဲတွင် မပါဝင်လို၍ ဖြစ်သည် ။

တကယ်တမ်း ပြောရမည်ဆိုလျှင် လွန်ခဲ့သောနှစ်ပေါင်း ၃၇ နှစ် ခန့်က မြဝတီပုံနှိပ်တိုက်က ထုတ်ဝေခဲ့သည့် တို့ ကျောင်းသား အထူးစာစောင် စာအုပ်ကလေး ပေါ်ပေါက်ခဲ့၍ သာ ဤစာအုပ်ကလေးကို ပြုစုခဲ့ဖြစ်ခြင်း ဖြစ်သည် ဆိုက မှားမည်မထင်ပေ။ တိတိကျကျပြောရလျှင် ၁၉၈၂ ခုနှစ်က ထုတ်ခဲ့တာ ဖြစ်၏။ ကျွန်တော့်စာရေးသက်သည် ပင်လျှင် ဆယ်စုနှစ်တစ်ခု မရှိသေးပေ။

ထိုစဉ်ကတည်းက ထိုစာအုပ်ကလေး၏ အဖိုးနည်းဝန်ပါပုံကို သတိပြုမိ၏။ အယ်ဒီတာအဖွဲ့၏ အားထုတ်မှုကိုလည်း လေးစားခဲ့၏။ အကြောင်းမှာ မြန်မာ့ဆယ့်နှစ်လရာသီနှင့် အင်္ဂလိပ်ဆယ့်နှစ်လရာသီ အကြောင်းကို ယှဉ်တွဲဖော်ပြထား၍ ဖြစ်၏။ အကျယ်တဝင့် မဟုတ်သော် လည်း အနှစ်ပါသည် ။ တန်ဖိုးရှိသည် ။ ကျွန်တော် သတိထားမိသလောက် ဤစာအုပ်မျိုး နောက်ထပ်မပေါ်ဟု ထင်သည် ။

ကျွန်တော်နှင့်ခေတ်ပြိုင် စာပေမိတ်ဆွေအချို့ထံ အဆိုပါ တို့ ကျောင်းသား အထူးစာအုပ်ကလေး အကြောင်း မေးကြည့်ရာ မရှိသူ ၊ မ

သိသူက များ နေတာကို သတိမူမိပါသည် ။ တစ်ခုသောကာလတွင် ဆရာသူရဇော်၏ တောင်းဆိုမှုကြောင့် ပိတောက်နွယ်မဂ္ဂဇင်းတွင် တာဝန်ခံ အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်မိပါသည် ။ ဤတွင် စာပေတာဝန်အရ လစဉ် ရာသီစာ တစ်မျက်နှာ ရေးပေးရန် ကြုံလာပါသည် ။ တို့ကျောင်းသား အထူးထုတ်ကလေးအားကိုးနှင့် လိုအပ်သည် များ ထုတ်ယူသုံးစွဲကာ မှီငြမ်းကိုးကားခဲ့ပါသည် ။ ကျွန်တော်ဝင်လုပ်၍ တစ်နှစ်ခန့်အကြာတွင် မဂ္ဂဇင်းရပ်နားသွားခဲ့သည် ။

မဂ္ဂဇင်းတွေအချို့ ရပ်နားသွားသလို သတင်းစာ ဂျာနယ်အသစ်တွေလည်း ပေါ်လာပါသည် ။ ပေါ်လာသမျှ သတင်းစာတွေထဲတွင် နေ့စဉ် နှစ်စောင် သုံးစောင်ဖတ်ရာက စံတော်ချိန်သတင်းစာက ပုံမှန်ဝယ်ဖတ်ဖြစ်ပြီး ကျန်သတင်းစာနှစ်စောင်က အလှည့်ကျဖြစ်သွားသည် ။ ကျွန်တော် သတင်းစာကဗျာ ရေးဖြစ်တော့လည်း စံတော်ချိန်မှာ ပဲ စရေးဖြစ်သလို သတင်းစာဆောင်းပါး အက်ဆေး ရေးဖြစ်တော့လည်း စံတော်ချိန်မှာ ပဲ ရေးဖြစ်သည် ။ ကျွန်တော့်စာရေးသက်တွင် စံတော်ချိန်သည် ပထမဆုံး စာရေးဖြစ်သည့် သတင်းစာပဲ ဖြစ်ပါသည် ။။

ဒုတိယရေးဖြစ်သည့် သတင်းစာက မြန်မာတိုင်းသတင်းစာ ဖြစ်သည် ။ ထိုသတင်းစာ နှစ်စောင်မှ လွဲ၍ အခြားဘယ်သတင်းစာမျှ ကျွန်တော် မရေးဖြစ်ပါ။ စံတော်ချိန်သတင်းစာတွင် ၂၀၁၇ ခုနှစ် ဧပြီလမှ စ၍ ရာသီစာ အက်ဆေးကဏ္ဍအနေဖြင့် ၂၀၁၈ မတ်လအထိ တစ်နှစ်တိတိ ရေးဖြစ်ခဲ့ ပါသည် ။ အကြောင်းရင်းကတော့ ယခင် ပိတောက်နွယ်မဂ္ဂဇင်းတွင် တိုနံ့နံ့ ရေးခဲ့ရ၍ အားမရတာလည်း ပါသည် ။ ပြီးတော့ ကျွန်တော်တို့ လူများ စု သည် ပညာတတ်ဝန်ထမ်းများမှ လွဲ၍ မြန်မာလနှင့် အင်္ဂလိပ်လကို တွဲ၍ မှတ်မိနိုင်ရန် အလွန်အားနည်းကြသည် ။

ထိုကွက်လပ်ကို ကျွန်တော်ဖြည့်ချင်သည် ။ ထို့ကြောင့် သာမန် ရာသီစာမျှမဟုတ်မူဘဲ ယဉ်ကျေးမှုဆိုင်ရာ ကဗျာအလှ စာအလှတွေလည်း ပါစေချင်သည် ။ ဒေသိယဆိုင်ရာ သုတတွေလည်း ရစေချင်သည် ။ သမိုင်းဆိုင်ရာ ခေတ်ပြိုင်မှတ်စုတွေလည်း သိစေချင်သည် ။ သို့ပါ၍ လက်လှမ်းမီသမျှ မှတ်တမ်းမှတ်ရာ အဖြာဖြာကို ရနိုင်သမျှ ရှာဖွေမှီငြမ်း၍ စုတုပြုကာ အားထုတ်ခဲ့ပါသည် ။ တစ်ခုတော့ ပြောစရာရှိပါသည် ။ အထူးသဖြင့် ယနေ့ ကျွန်တော်တို့ ၏ မျိုးဆက်သစ် လူငယ်တွေအတွက်သာ ရည်စူးသည် ဖြစ်၍ သူ့အိုးနှင့်သူ့ဆန် တန်ပဲ အားထုတ်ခဲ့ပါသည် ။ သည့်အတွက် အဘက်ဘက်က ကျေနပ်အားရ ပြီးပြည့်စုံသည့် အားထုတ်မှုဟု ကျွန်တော်မဆိုရဲပါ။ တစ်စုံတစ်ရာ လိုအပ်ချက်များ ၊ အားနည်းချက်များ ရှိနေနိုင်တာကိုမူ ဝန်ခံရမှာ ပဲဖြစ်ပါသည် ။

တစ်ခုတော့ ပြောစရာရှိပါသည် ။ စံတော်ချိန်သတင်းစာတွင် ရေးခဲ့စဉ်က ရာသီစာအက်ဆေးဟု အမည်တပ်ခဲ့သော်လည်း စာအုပ်အဖြစ် စုစည်းလိုက်သောအခါတွင် လိုအပ်သည့် မှတ်စုမှတ်ရာများ ထပ်ဖြည့်ထားသဖြင့် အက်ဆေးဂုဏ် သို့မဟုတ် အက်ဆေး၏ ကိုယ်ရည်ကိုယ်သွေးတို့ လျော့ပါးသွားလေမလားဟူသော အတွေးကြောင့် အက်ဆေးလောဘ မကြီးချင်တော့ပါ။ ဒါကြောင့် အက်ဆေးဟု လုံးလုံးလျားလျားအမည်မတပ်တော့ပါ။ စာအုပ်အမည်ကို " အလှဆယ့်နှစ်လီ စာပန်းချီ " ဟု သာ ပေးမိပါသည် ။ လွတ်လပ်သောရသကို ခံစားစေလိုခြင်းက အကြောင်းရင်းဖြစ်သည် ။

သို့ပါ၍ ကျွန်တော့်စာကို . . . .

ရာသီစာမှတ်စုလိုပဲ ဖတ်ဖတ်

ရသဆောင်းပါးလိုပဲ တွေးတွေး

အက်ဆေးအရသာလိုပဲ ခံစားခံစား

ဒီကနေ့ မျိုးဆက်သစ်လူရွယ်လူငယ်များ ၊ စာပေလေ့လာလိုက်စားသည့် မောင်မယ်များ နှင့် ပညာသင်ရွယ် ကျောင်းသားကျောင်းသူများအတွက် တစ်စုံတစ်ရာ အထောက်အကူ ဖြစ်သည် ဆိုလျှင် ကျွန်တော်အားထုတ်ရကျိုးနပ်သည် ဟု ထင်မြင်မိပါသည် ။

ကျွန်တော်တို့ စာပေလောက၌ စာတစ်ပုဒ် ကဗျာတစ်ပုဒ်ဖြစ်ဖို့ မလွယ်ပါ။ စာတစ်ပုဒ် ကဗျာတစ်ပုဒ် ဖြစ်ပြန်တော့လည်း စာတစ်အုပ် ကဗျာတစ်အုပ်ဖြစ်ဖို့ က ပို၍ ခက်ခဲလှပါသည် ။

သို့ပါ၍ ကျွန်တော်၏ စာပေဘဝခရီး၌ စာတစ်ပုဒ် ကဗျာတစ်ပုဒ် ထည့်ပေးခဲ့သည့် မဂ္ဂဇင်း ၊ ဂျာနယ် စာစောင်များ နှင့် အယ်ဒီတာတို့ ၏ ကျေးဇူးကိုလည်းကောင်း၊ တို့ ကျောင်းသား အထူးထုတ်စာစောင်ကို ဖတ်ခွင့်ရအောင် ဖန်တီးခဲ့ကြသည့် မြဝတီပုံနှိပ်တိုက်နှင့် ထိုစဉ်က အယ်ဒီတာအဖွဲ့၏ ကျေးဇူးကိုလည်းကောင်း ၊ ကနဦး ရာသီစာလေးများကို ထည့်ပေးခဲ့သည့် ပိတောက်နွယ်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့၏ ကျေးဇူးကိုလည်းကောင်း ၊ ရာသီကအက်ဆေးအဖြစ် တစ်နှစ်ပတ်လုံး ထည့်သွင်းဖော်ပြပေးခဲ့သည့် စံတော်ချိန်သတင်းစာ အယ်ဒီတာအဖွဲ့၏ ကျေးဇူးကိုလည်းကောင်း ၊ နောက်ဆုံး စာတစ်စောင် ပေတစ်ဖွဲ့အဖြစ် စာအုပ်ထုတ်ဝေပေးသော လင်းလွန်းခင်စာပေမှ ဦးသိန်းလွင် ( ကျောက်ပုထိုး ) ၏ ကျေးဇူးကိုလည်းကောင်း ၊ သတင်းစာမှာ ပါတိုင်း ဖတ်၍ မှတ်၍ အားပေးကြသည့် စာဖတ်ပရိသတ်နှင့် ဖေ့စ်ဘုတ်စာဖတ်ပရိသတ်၏ ကျေးဇူးကိုလည်းကောင်း မှတ်မှတ်ထင်ထင် ကျေးဇူးတင်ရှိပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည် ။

မေတ္တာဖြင့်

မြေလတ်မောင်မြင့်သူ

၃၁ - ၅ - ၂၀၁၇

*****

# တန်ခူးဖတ်စာ သို့မဟုတ် ပိတောက်အကဲ်ဆေး

( ၁ )

ပိတောက်တွေ xx ရွှေရည်လူးကြမယ့်အနေ xx ပုလဲငုံ စံပယ်ဖြူ xx ဖူးခိုက်ခိုက်ဝေ xx ပန်းမျိုးစုံ ရာသီစုံ ကူးခဲ့ပေါ့လေ xx

လေရူးလေပွေပွေ ရွက်ကြွေဖြောက်ဖြောက် ပိတောက်ဝါဖူး ရွှေရည်လူးသည့် နှစ်ကူးအတာ သင်္ကြန်ခါကိုရောက်လေတိုင်း ကြားနေကျ သီချင်းသံက ဘယ်ကဘယ်လို ပျံဝဲလာသည် မသိ။ နားစည်ထဲထိ အလိုလို ဝင်ရောက်လာသည် ။

သည် အခါ သတိရစရာတွေက ဖျတ်ခနဲ ရိပ်ခနဲ ပေါ်လို့ လာသည် ။ ကဗျာစာဆို ရတုဘုရင် နတ်သျှင်နောင်ကို သတိရသည် ။ ဂီတစာဆိုမြို့မငြိမ်းကို သတိရသည် ။ အဆိုတော်ကြီး ပြည်လှဖေကို သတိရသည် ။ တန်ခူးလေနှင့် လျှောတော့သည် ဝတ္ထုကို ရေးခဲ့သည့် ဆရာတက္ကသိုလ်ဘုန်းနိုင်ကို သတိရသည် ။ ပြီးတော့ . . .။ အင်း . . . ပြီးတော့ သတိရစရာတွေက များ လှပါသည် ။ ထို့အတူ လွမ်းစရာတွေကလည်း . . .။

တန်ခူးလသည် မြန်မာ့တစ်ဆယ့်နှစ်လတွင် ပထမဆုံးလဖြစ်သည် ။ တန်ခူးဆိုသည် နှင့် ပိတောက်က ဖူးသလို အတာက မြူးသည် ။ အခါက လည်း နှစ်ဦးမို့ မင်္ဂလာကလည်း ထူးပါပေသည် ။

ပုဂံခေတ် ကျောက်စာတို့ ၌ ခေတ်ရေးထုံးအတိုင်း တန်ခူးဟု ရေးထိုး သည် ။ အင်းဝခေတ်၌ တန်းခူးဟု ရေး၏။ တောင်ငူ ၊ ညောင်ရမ်းခေတ် တွင် တန်ခူးဟု ရေးပြန်သည် ။ နောက်ပိုင်းတွင် တန်းခူးဟု လည်း ကောင်း ၊ တာကူးဟု လည်းကောင်း ရေးသားသည် ကို တွေ့ရ၏။။

ဗေဒင်အခေါ်အားဖြင့် မိဿရာသီ။ စိတြနက္ခတ်နှင့် လမင်းတို့ ယှဉ်ပြိုင်မွန်းတည့်၏။ သင်္ကြန်ပွဲလည်း ကျင်းပ၏။ သင်္ကြန်ပွဲသည် မြန် မာ့နှစ်ကူးပွဲ။ မြန်မာ့ပွဲတော်များ တွင် ပျော်စရာအကောင်းဆုံးနှင့် အရှ ည်ကြာဆုံးပွဲ ဖြစ်သည် ။ မြန်မာမှုမင်္ဂလာ ၁၂ ပါးတွင် သင်္ကြန္တမင်္ဂလာတ စ်ပါး အဖြစ် ပါဝင်သည် ။

တန်ခူးလနှင့်ပတ်သက်၍ စာဆို ရှင်ဥတ္တမကျော်က ရတုသာစမဏ္ဍ လ ဟူသော အသုံးအနှုန်းကို သူ၏ လက်ာကိုးပိုဒ် အစပထမပိုဒ်တွင် သုံးခဲ့သည် ။ သာယာစွာသော ရာသီဥတု ၊ ကြည်လင်စွာသော ရာသီဥတု ဟု ဆိုလိုရင်း ဖြစ်၏။

ရာသီဥတုသုံးခုအနက် တာသင်္ကြန်မည်သော နွေပွဲသဘင်ကျင်းပ ချိ န်သည် အသာယာဆုံးဖြစ်ပုံကို " **သုံးလီရတု ၊ လက်ဝဲလုသား ၊ ရတုသာ စွ ၊ မဏ္ဍလလျှင် ၊ သဘင် ဂိမှာ န် ၊ တာသင်္ကြန်ဟု ၊ လေပြန်လွှင့်ကူ ၊ ဘုံသစ်ထူ၍** " ဟု ရေးဖွဲ့ခဲ့၏။

နေပူရှိန်ကြောင့် သစ်ရွက်တို့ အစိမ်းရောင်တွင် အဝါရောင်သန်း နေ

ပုံ နှစ်သက်ဖွယ်ကို

" **လေခမြေသက် ၊ စျာန်ဝိတက်သို့ ၊ သစ်ရွက်ရော်ရီ ၊ ဣန္ဒနီဝယ် ၊ သင်္ဂီတစ်ဝက် ၊ ဘက်၍ ဆေးစုံ ၊ ခြယ်သောပုံ** " ဟု ဆက်လက်ဖွဲ့ဆိုခဲ့ပြန်ပါသည် ။ ရာသီက စာပန်းချီဆန်အောင် နှလုံးသားကို လှုံ့ဆော် နေပုံရပါသည် ။

ထို့ကြောင့်ပင် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဤတန်ခူးလတွင် ကပိလဝတ်ပြည်သို့ တောလမ်းခရီးတစ်လျှောက် ဖြတ်သန်း၍ ဒေသစာရီကြွချီတော်မူခဲ့ဖူး၏။ ဘုရားရှင်၏ ဘုန်းတော်ကြောင့် တစ်တောလုံး အံ့ဖွယ်သရဲ ထူးကဲစွာဖူးကြ၏။ ပွင့်ကြ၏။ သီးကြ၏။ ဘုရားအား ပူဇော်ခြင်းအလို့ ငှာ ဖြစ်၏။

" **ရဂုံမြိုင်တွင်း ၊ တောလုံးလင်းသား ၊ သီးကင်းနုစ ၊ အချို့ကမူ ၊ ဩဇရသာ ၊ နတ်သုဒ္ဓါသို့ ၊ ချိုစွာ သဘော် ၊ ငှက်ပျောသခွာ ၊ သဖန်းခါးနှင့် ၊ သျှစ်သျှား သံပရာ ၊ ဩဇာ သရက် ၊ ဖက်သက် တရော် ၊ မြတ်ရှင်တော်ကို ၊ ပူဇော်လို့ ငှာ ၊ သီးကြရှာ၏** "

ဟု စာပန်းချီဖွဲ့ပြသည် မှာ လည်း တန်ခူးအလှ၏ ရသတစ်ခုဟု ဆိုက မှားမည်မထင်ပေ။

( ၃ )

ပြက္ခဒိန်မှာ စတုတ္ထပေါ့

ဧပြီနွေလ တန်ခူးခါ။

နှစ်ဟောင်းအကုန် နှစ်သစ်ကူးလို့

ကြည်နူးချမ်းမြ မင်္ဂလာ။

ပိတောက်ရွှေဝါ တူးပို့ တေးနဲ့

အတာရေအေး ကြည်လင်စွာ။

ရေကစားရင် အသွင်မရိုင်းနဲ့

လူတိုင်းပျော်တဲ့ သင်္ကြန်ပါ။

ခေါင်းဆေးလျှော်ကာ အလှူပေးလို့

လူယဉ်ကျေးတို့ ပြည်မြန်မာ

မှတ်ပါ မှတ်ပါ။

တန်ခူးလနှင့် တွဲဖက်တင်ပြမည့်လမှာ ဧပြီလ ဖြစ်၏။ ဧပြီ (April) သည် ခေတ်သစ်ပြက္ခဒိန်တွင် စတုတ္ထလ ဖြစ်၏။ ရက်ပေါင်း ၃၀ ရှိ၏။ ရှေးခေတ် ရောမပြက္ခဒိန်တွင် ဧပြီလသည် ဒုတိယလ ဖြစ်၏။ ဘီစီ ၄၅၂ တွင် ရောမပြက္ခဒိန်ကို ပြုပြင်ရေးဆွဲရာမှာ စတုတ္ထလ ဖြစ်လာခဲ့သည် ။

April သည် လက်တင်ဘာသာစကား APERIRE မှ ဆင်းသက် လာသောစကား ဖြစ်သည် ဟု မိရိုးဖလာယုံကြည်လာခဲ့ကြသည် ။ အဓိပ္ပာယ်မှာ " ဖွင့်သည် " " ပွင့်အာသည် " ဟု ဆိုလိုသည် ။ ဤအခါသမယတွင် သစ်ပင်ပန်းမန်များ ဖူးပွင့်ဝေဆာစ ပြုသည် ကို ရည်ညွှန်းခြင်း ဖြစ်သည် ။ ရောမပြက္ခဒိန်တွင် ထိုလကို Aprilis ဟု ရေးကြသည် ။

ဥရောပနိုင်ငံများ တွင် ဧပြီ ၁ ရက်ကို ဧပြီလ အရူးနေ့ဟု သတ်မှတ်ကြသည် ။ ထိုနေ့တွင် တစ်ဦးကိုတစ်ဦးက လှည့်စားနောက်ပြောင် ကြပြီး အလှည့်စားခံရသူမှာ အရူးကဲ့သို့ဖြစ်နေ ဟန်ကို အများက ဝိုင်း၍ ရယ်မောကြ၊ နောက်ပြောင်ကြဖြင့် ပျော်ရွှင်စ ရာဖန်တီးကြခြင်း ဖြစ်သည် ။ နောက်ပြောင်သူက ပျော်ရွှင်သလို နောက် ပြောင်ခံရသူကလည်း စိတ်မဆိုးဘဲ သူကိုယ်တိုင် ပါဝင်ရယ်မော၍ ပျော် ရွှင်မှုကို ဖန်တီးကြခြင်းဖြစ်သည် ။ ချစ်စရာ ၊ ပျော်စရာဓလေ့တစ်ခုဖြစ် သလို ဤအလေ့အကျင့်မှ သည် သည်းခံတတ်မှုနှင့် စိတ်သဘောထား ရ င့်ကျက်မှုအထိ အလေ့အထုံ ဖြစ်သွားနိုင်ပါသည် ။

ကျွန်တော်တို့ ကျေးလက်တောဓလေ့များ တွင် ပျော်ရွှင်ကြစမြဲဖြစ် သည့် သင်္ကြန်အခါတွင် တစ်ဦးနှင့်တစ်ဦး အလစ်မှာ အိုးမဲသုတ်၍ နော က်ပြောင်သည့်သဘောမျိုး ဖြစ်သည် ။ တစ်နည်းဆိုရသော် ချစ်ကြည်မှု ကို ရင်းနှီးစေသလို သည်းခံမှု ၊ သဘောထားကြီးမှု ၊ ခွင့်လွှတ်မှု ၊ ယဉ် ကျေးမှုကိုလည်း ဖွံ့ဖြိုးစေပါသည် ။

(၄)

မြန်မာတို့ သည် နှစ်သစ်ကူးအခါကို မင်္ဂလာရှိသောကာလဟု သတ် မှတ်ကြသည် ။ မင်္ဂလာရှိသောအမှုကို ပြုကြသည် ။ ဘုရားကျောင်းကန် သို့ သွား၍ ဥပုသ်ဆောက်တည်၏။ သန့်ရှင်းရေးလုပ်၏။ ဆင်းတုတော်၊ စေတီတော်များကို ရေသပ္ပာယ်၏။ မိဘဘိုးဘွားတို့ အား သောက်ရေသုံး ရေ ကန်တော့၏။ ခေါင်းလျှော်ပေး၏။ ခြေသည်း ၊ လက်သည်း လှီးပေး ၏။ ထူးခြားသော ဓလေ့တစ်ခုမှာ အသတ်ခံရဆဲ ကျွဲအို ၊ နွားအိုများကို

ဝယ်၍ ဘေးမဲ့လွှတ်ခြင်းနှင့် စတုဒိသာအလှူများ ပေးလှူကြခြင်းပဲ ဖြစ်ပါ သည် ။။

ထို့အတူပင် နှစ်ဆန်းတစ်ရက်နေ့တွင် စိတ်သစ် ၊ လူသစ်မွေးကာ ဥပုသ်သီလစောင့်၍ အလှူအတန်းပေးကြသည် ။ ညနေတွင် ရပ်ကွက်တိုင်း ၌ သံဃာတော်များကိုပင့်ကာ အန္တရာယ်ကင်းစေရန် ပရိတ်ပဌာန်းများ ရွတ်ဖတ်ခြင်းဖြင့် နှစ်သစ်ကို ကြိုဆိုဂုဏ်ပြုကြသည် ။

**သို့ဖြစ်၍ ဆရာမင်းသုဝဏ်က**

**နှစ်ကူးသစ်မြူ ၊ ခေတ်ဦးကောဇာ**

**ဆန်းစချမ်းမြ ၊ စန်းလသော်တာ**

မြိုင်အောက်ကြိုင်လှောက် ၊ ပိတောက်ပမာ

ကျန်းရှင်ကြောင်း ၊ သွန်းလောင်း ရေသီတာ . . .

ဟု ရေးခဲ့၏။ ရာသီပန်းကား ကံ့ကော်ပန်း ဖြစ်၏။

ဆရာမြို့မငြိမ်းက "**ကံ့ကော်ဝတ်မှုန်သင်းတဲ့ ရဂုံ ၊ စုံတောခြေ** " ဟု ဖွဲ့ခဲ့သလို ရှေးစာဆိုတစ်ဦးကလည်း "**ကံ့ကော်ရင်ခတ်၊ ပင်တိုင်း ညွှတ်မျှ၊ ပွင့်ဖတ်ဝေဝေ ၊ တောင်လေသုတ်ဖြူး လတန်ခူး** " ဟုလည်းကောင်း။

ရှေးရေး မိုးဆယ့်နှစ်မျိုးဖွဲ့၌ " **တန်ခူးမည်မှတ် ၊ ဖက်ဆွတ်ရေ တိုး ၊ သင်္ကြန်မိုး** " ဟု လည်းကောင်း စာဖွဲ့ခဲ့၏။

သင်္ကြန်မိုးရွာပြီဆိုမှ ဖြင့် ပိတောက်တို့ ကလည်း ရာသီပန်းပမာ အစွ

မ်းကုန်လန်းဖြာ၍ လောကကို အလှဆင်စမြဲဖြစ်သည် ။ ပိတောက်လည်း လှ ရာသီလှ ၊ ပိတောက်လည်း ဝါ ရာသီသာပေ့ါ။

ဒေ့ါကြောင့် စုံနံ့သာမြိုင်ဦးကြော့က -

**" လမ်းတစ်လျှောက် သင်းပါဘိ ၊ ဆန်းသလောက် မလင်း နိုင်ဘု ၊ ပန်းပိတောက်မင်း "** ဟု ပိတောက်ကို စာသ ၊ ကဗျာအလှဆင် ခဲ့၏။ သည် ချစ်စရာ ရာသီပန်းပိတောက်က ဘာကြောင့် ဆန်းသလောက် မလင်းနိုင် ရပါသနည်း။။

ရာသီအလွမ်း ၊ ကဗျာအလွမ်း ၊ စာအလွမ်းတို့ နှင့်အတူ မြန်မာ့ သမိုင်း စာမျက်နှာက ဘဝအလွမ်း ၊ သကြံ့န်အလွမ်း ၊ မှတ်တမ်းအဖြစ် အပျက်တစ်ခုကိုလည်း ဆင်ခြင်စရာအဖြစ် လွမ်းဆွတ်ကြည့်ချင်ပါသည် ။

ခေတ်က ပုဂံခေတ် ၊ နရသီဟပတေ့မင်း လက်ထက်က ရေဖျန်း သဘင်ပွဲ။ ဘုရင်က ချစ်စနိုးနှင့် မိဖုရားစောလုံကို အကျီစားသန်မိ၏။ စောလုံက ငယ်နုသူတို့ ၏ အလှဘာဝနှင့် ဘုရင်ကို အထင်လွဲ၏။ အခဲမကျေသော ထိုအနာဖြင့် ဘုရင်၏ ပွဲတော်အုပ်တွင် အဆိပ်ခတ်၏။ ဘုရင်က သိသွား၏။ စောလုံခမျာ သေပွဲဝင်သွားရရှာသည့် ရာဇဝင်အလွမ်းက တွေးမိတိုင်း တမြည့်မြည့်။

အဆိပ်ခတ်တာက ပွဲတော်က အစာ။ အဆိပ်တကယ်မိတာက စိတ်။ ထိုစိတ်ဖြင့် ဘုရင်လည်း အရူးတစ်ပိုင်းဘဝ ရောက်ရရှာ၏။ အကျီစားသန်သည့် ရန်ငြိုးကြောင့် ကံဆိုးရသည့်အဖြစ်လား ၊ ကံဆိုးရသည့် အချစ်လား။ မည်သို့ပင်ဖြစ်စေ အဆိပ်တို့ ၏ နောင်တကား ခါးသက်လောင်မြိုက်ခြင်းတို့ ဖြင့်သာ ပြီးကုန်၏။

ဧပြီလ သမိုင်းမှတ်စုတွေကလည်း များ လှသည်။

၁၉၃၄ ဧပြီ ၁ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမကို စတင် ဆောက်လုပ်သည်။

၁၉၈၃ ဧပြီ ၁ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လူဦးရေ သန်းခေါင်စာရင်း ကောက်ယူသည်။

၁၉၅၂ ဧပြီ ၂ ရက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားနေ့ အစည်းအရုံး ညီလာခံကို ရန်ကုန်မြို့ ဂျူဗလီဟော၌ ကျင်းပ၏။

၁၉၂၁ ဧပြီ ၃ ရက်တွင် ရေနံချောင်းမြို့ ကျောက်စာရုံဘုရားကျောင်းတိုက်၌ ရေနံမြေအလုပ်သမားများ အစည်းအဝေးကျင်းပကာ လေဘာယူနီယံခေါ် မြန်မာပြည် ရေနံ အလုပ်သမား အသင်းကို တည်ထောင်သည်။

၁၈၅၂ ဧပြီ ၅ ရက်တွင် အင်္ဂလိပ် - မြန်မာ ဒုတိယစစ်ပွဲ စတင်ဖြစ်ပွားသည်။

၁၈၅၃ ဧပြီ ၄ ရက်တွင် ပြည်မြို့၌ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အင်္ဂလိပ်အရေးပိုင် ဖယ်ရာတို့ တွေ့ဆုံကာ စစ်ပြေငြိမ်းရေး ဆွေးနွေးသည်။

၁၉၄၉ ဧပြီလ ၈ ရက်တွင် သူပုန်တို့ သိမ်းပိုက်ထားသည့် သာယာဝတီမြို့ကို လေကြောင်းမှ စစ်ဆင်ရာ လေယာဉ်ပေါ်လိုက်ပါသွားသော ဗို

လိမ့်ယူးစိန်မှန် ရန်သူ့ကျည်သင့်၍ မင်္ဂလာဒုံဆေးရုံ၌ ကွယ်လွန် သည်။

၁၈၉၇ ဧပြီ ၉ ရက်တွင် အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်က မြန်မာပြည်ကို အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်သည့်အဆင့်မှ ဒုတိယဘုရင်ခံ အုပ်ချုပ်သည့်အဆင့်သို့ တိုးမြှင့်ကြောင်း ကြေညာချက်ထုတ်ပြန်သည်။

၁၉၂၆ ဧပြီ ၂၃ တွင် မင်းကွန်းလူအိုရုံအလှူရှင် ဒေါ်ဦးဇွန်းအား အိန္ဒိယဘုရင်ခံချုပ်က ချီးမြှင့်လိုက်သော တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ (TPS ) ဆာနစ်စာချွန်တော်နှင့် တံဆိပ်တော်များ ပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

၁၉၆၃ ဧပြီ ၂ ရက်တွင် ဒေါက်တာ မာတင်လူသာကင်းက ပထမဆုံး အကြမ်းမဖက်သော ခုခံမှုကို အလာဘားမားပြည်နယ် ဘာမင်ဂန် မြို့၌ စတင်ခဲ့သည်။

၁၉၅၅ ဧပြီ ၅ ရက်တွင် ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိန်နှင့် မဟာမိတ်တပ်များကို ဦးဆောင်ခဲ့သည့် ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီ ရာထူးမှ နုတ်ထွက်သည်။

၂၀၁၃ ဧပြီ ၈ ရက်တွင် ဗြိတိန်နိုင်ငံ၏ ပထမဆုံးသော အမျိုးသမီး ဝန်ကြီးချုပ် သံမဏိအမျိုးသမီးကြီး မာဂရက်သက်ချာ ကွယ်လွန်သည်။

၁၉၄၅ ဧပြီ ၃၀ တွင် ဂျာမနီစစ်ရှုံး၍ ဒုတိယကမ္ဘာစစ် ပြီးဆုံးခါနီး၌ ဂျာမနီ နာဇီခေါင်းဆောင် အဒေါ့ဖ်ဟစ်တလာသည် မြေအောက် ခန်းအတွင်း မိမိကိုယ်ကို အဆုံးစီရင်ခဲ့သည်။

၁၉၇၅ ဧပြီ ၃၀ တွင် တောင်ဗီယက်နမ်အစိုးရက မြောက်ဗီယက်နမ် တပ်ဖွဲ့များ ထံ အညံ့ခံခဲ့ပြီးနောက် ဗီယက်နမ်စစ်ပွဲ အဆုံးသတ် ခဲ့သည်။

ဧပြီလ ၂၂ ရက်ကို ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာမြေကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့မြေကမ္ဘာနေ့ဟု သတ်မှတ်ခဲ့သည် ။

ဧပြီလ ၂၃ ရက်ကို ယူနက်စကိုအဖွဲ့ကြီးကပင် ကမ္ဘာ့စာအုပ်နေ့ ( World Book Day ) အဖြစ် သတ်မှတ်ခဲ့သည် ။

( ၆ )

တန်ခူးနှင့်ပတ်သက်လာလျှင် သို့မဟုတ် ပိတောက်နှင့်ပတ်သက်လာလျှင် ရင်မခုန်သည့် ကဗျာဆရာဟူ၍ ခပ်ရှားရှားဖြစ်ပေလိမ့်မည် ထင်ပါ၏။ ဆရာဇော်ဂျီက တစ်ခုသော သကြံန်အခါတွင်

" နှစ်သစ်ကူးတဲ့ တန်ခူးအခါမှာ

ဒါနက တဝေဝေ ၊ ရေတွေက တရွဲရွဲ

ပျော်ပွဲက တဝင့်ဝင့် ၊ ကဲလို့ သာ ဆင့်ရော့

အရွယ်သင့် အရွယ်ငယ် ၊ မြန်မာတွေ ထည်လိုက်ကြ "

ဟု ကဗျာဖွဲ့ခဲ့သည် ။

တန်ခူးအလှ တန်ခူးရသကို တင်စားသည့် ဖော်ကျူးမှု။

ပိတောက်အလှ ၊ ပိတောက်ရသ ၊ ပိတောက်ဘဝကိုတော့ ဟောသလို " ပိတောက်ပန်း " ကဗျာတွင် ဖွဲ့ပြ ၊ နွဲ့ပြပုံက တစ်မူထူးပါသည် ။

သမားရိုးကျမဟုတ်သော ခွဲထွက်မှု ၊ အသစ်ခံစားမှု သို့မဟုတ် ခံစားမှု အသစ်။

" မခူးချင်စမ်းပါနဲ့

နှစ်ဆန်းခါတော်မီမို့

ဇမ္ဗော်ရည် ပြေပြေလိမ်းကာပ့်

ခပ်သိမ်းနယ်အစုံစုံသို့

ပွင့်ငုံကို လင့်ကုန်ကြတော့လို့

ခေါင်းကြွကာ ဆာဝေဝေနဲ့

သူလည်း လေ လောကီသားပေမို့

ကြွားချင်လှပေလိမ့်မယ် . . . "

ဆရာ၏ ရင်ထဲက စေတနာကို ထင်းခနဲ မြင်ခွင့်ရလိုက်ပါသည် ။ ပိတောက်ကို လူသားကဲ့သို့ စာနာခဲ့သည် ။ သက်ရှိပုဂ္ဂိုလ်ကဲ့သို့ ညှာတာခဲ့သည် ။ တန်ဖိုးလည်း ထားခဲ့သည် ။ တန်ဖိုးဟူသမျှ ထဲတွင် တန်ဖိုးအကြီး ဆုံးဖြစ်သော မြတ်နိုးမှုတန်ဖိုး ဖြစ်သည် ။

ဆရာ၏ ထိုမြတ်နိုးမှုစိတ် ၊ မြတ်နိုးမှုနှလုံးသားက ဂျပန်လူမျိုးတို့ ချယ်ရီပန်းအပေါ် ထားသော မြတ်နိုးမှုမျိုး ၊ နှလုံးသားမျိုး ဖြစ်၏။ ဂျပန်လူမျိုး တို့ သည် ချယ်ရီပန်းကို တစ်နှစ်မှာ တစ်ခါပွင့်ဖို့ ရက်ပေါင်း ၃၆၅ ရက် စောင့်ခဲ့ရသည် ။

သို့ဖြစ်၍ ချယ်ရီကို မခူးပါ။ မချိုးပါ။ မပန်ပါ။ မြတ်နိုးမှုတန်ဖိုးဖြင့် အလှကြည့်ရန်သာ ဖြစ်ပါသည် ။ ပန်းကြည့်ပွဲတော်အဖြစ် ပျော်ပျော်ကြီး ဆင်နွှဲကြပါသည် ။

ကျွန်တော်တို့ ပိတောက်ပန်းကလေးများမှာ မူ ပိတောက်ပွင့်သော နေ့မှာ ပင် ခူးကြ ၊ ချိုးကြ ၊ ချိုင်ကြ၊ ပန်ကြနှင့် ပိတောက်ပွင့်သောနေ့သည် ပိတောက်ပင် အလှပျက်သောနေ့ သို့မဟုတ် ပိတောက်ပင် အကျည်းတန်သော ဘဝသို့ ရောက်သည် ။

ဂျပန်လူမျိုးတွေ ချယ်ရီပန်းကို တန်ဖိုးထား မြတ်နိုးထားသလို ကျွန်တော်တို့ တစ်တွေလည်း ပိတောက်ပန်းအပေါ် ဘယ်တော့များမှ မြတ်နိုးမှုနှလုံးသားနှင့် တန်ဖိုးထားတတ်ကြမလဲ။

မြတ်နိုးမှုတန်ဖိုးဟူသည် ရသအလှကို ခံစားတတ်သော နှလုံး သား၌သာ ဖြစ်ထွန်းပါ၏။ မြတ်နိုးမှုနှလုံးသားများ ၏ ပေါင်းစည်းအားသည်သာ ယဉ်ကျေးမှုကမ္ဘာကို တည်ဆောက်နိုင်စွမ်း လိမ့်မည် ထင်ပါသည် ။

**စံတော်ချိန်သတင်းစာ**

**၉ ဧပြီ၊ ၂၀၁၇**

*****

# နွေကဆုန်နှင့် မေ၏ ဂုဏ်ရည်

## ( ၁ )

"ကဆုန်လမှာ xx ညောင်ရေပွဲ xx မောင်နဲ့ လွဲရသည် xx "

တန်ခူးကုန်၍ ကဆုန်လဟု စိတ်ကတ လိုက်မိသည် နှင့် တစ်ပြိုင်နက် နားထဲကြား ယောင်လာသည် က ဗိုလ်အောင်ဒင် ဇာတ်ကားထဲတွင် သီဆိုသွားသည့် အဆိုတော် ရုပ်ရှင်မင်းသမီး မေမေဝင်း၏ ဆယ့်နှစ်လရာသီ သီချင်းထဲက စာသားအပိုင်းအစ အချို့ပဲ ဖြစ်ပါသည်။

ကြည့်လေရာတွင် အမြင်စူးစူး တန်ခူးရေကုန် ကဆုန်ရေခန်းသည့် လဖြစ်၍ လားမသိ။ ရွက်နုပင်ပျို မစိုမလန်း နွမ်းလျပန်းချည့် အပူမိသယောင် ထင်ရသည့် ကဆုန်ရှုခင်းဟု ပြောရမလိုပင်။ သို့သော် နွေ အယွန်း မိုးအလု သပြေနုသည့် သမယမို့ထင့် သပြေနုတဝေဝေကတော့ ကဆုန်မေ၏ ကျက်သရေအလား ထင်မှားရမလို ရှိလှပါဘိ၏။

တောမှာ သာ ကျက်စားလေ့ရှိသည့် တောစာဝါကလေးတွေကလည်း ထန်းပင် ၊ အုန်းပင် ၊ တမာပင် စသည့် သစ်ပင်ချုံပုတ်တို့ အပေါ်တွင် သူတို့ ၏ အနုပညာလက်ရာ တစ်ခုဖြစ်သည့် စာဘူးတောင်း သိုက်များကိုလည်း အပြိုင်အဆိုင် လုပ်ကြလေပြီ။ မိုးကျတော့မည်ဟု သတိပေး နေ

သည် မှာ သဘာဝကပေးသော အသိတရားလည်း ဖြစ်ပါသည် ။

သတိထားလျှင် အထင်အရှားတွေက တပုံတပင်။ ပြင်တတ်ဖို့ ပဲ လိုသည် ။ ကြည့်တတ်ဖို့ ပဲ လိုသည် ။ သတိထားတတ်ဖို့ လည်း လိုပါသည် ။

( ၂ )

မြန်မာ့ဆယ်နှစ်လတွင် ကဆုန်လသည် ဒုတိယမြောက်လ ဖြစ်၏။ ပုဂံခေတ်ကျောက်စာတွင် " ကုဆုန် " ဟု အရေးအသားများ ၏။ ကုဆုန်မှ ကဆုန် ဖြစ်လာ၏။ " ရေသွန်းလောင်းလ ရေဖျန်းလ " ဟု အဓိပ္ပာယ်ရသည် ။

ဒါ့ကြောင့် လူးတားဆရာ ဦးယာက

" **သပြေညွန့်နု ၊ ရတုမာသ ၊ ကဆုန်လဟု ၊ ပြည့်ထဝင်းဝါ ၊ ဝိသာခါနှင့် ၊ စန္ဒာလဝန်း ၊ ယှဉ်ပြိုင်ထွန်းသော် ၊ လေးကျွန်းလှည့်ပတ် ၊ ဟတ္ထိတာရာ ၊ ထပ်တူပါ၍ ၊ နေ့မှာ တစ်သွယ် ၊ ကြယ်ကြတ္တိကာ ၊ သူရိယာနှင့်** " ဟု ကဗျာဖွဲ့ခဲ့ခြင်း ဖြစ်၏။

ကဗျာထဲကလိုပင် ဤလတွင် ဝိသာခါနက္ခတ်နှင့် လမင်းတို့ စန်းယှဉ်၍ ကြတ္တိကာနက္ခတ်နှင့် နေမင်းတို့ ယှဉ်ပြိုင်ထွန်းကြ၏။ ရာသီက ပြိဿရာသီ။ ပွဲတော်ကား ညောင်ရေသွန်းပွဲတော်။ ထို့ကြောင့် ကဆုန် လပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်တို့ သည် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းခြင်း ကုသိုလ်ယူကြသည် ။ နွေအပူ နေအပူကြောင့် ဗုဒ္ဓရှင်အရိပ် ခို၍ သစ္စာလေးပါးဆင်ခြင်ရာ မဟာဗောဓိပင်တို့ ညှိုးနွမ်း၍ ရေဖျန်းသွန်း

လောင်းကြခြင်းလည်း ဖြစ်၏။

ပုဂံခေတ် နရပတိစည်သူမင်း လက်ထက်တွင် သီဟိုဠ်မှ အရှင် မဟာကဿပမထေရ် ယူဆောင်ခဲ့သော မဟာဗောဓိညောင်စေ့ကို စိုက်ပျိုးခဲ့ရာမှ ရေဖျန်းခြင်းအမှု အစပြုခဲ့သည် ။ ညောင်ရေသွန်းပွဲတော် ကိုမူ ပင်းယခေတ် ဥဇနာမင်း လက်ထက်ကျမှ စခဲ့သည် ဟု ဆိုပါသည် ။ ရွှေတိဂုံကုန်းတော် အင်္ဂါထောင့်မှာ ရှိသော ဗောဓိပင်ကမူ မယ်ဒက်ဆရာတော် ဘုရား ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားစဉ်က ဘုရားပွင့်တော်မူရာ ဗောဓိပင်မှ ကြွေကျသော အသီးကိုပျိုးပြီး စိုက်ခဲ့သည် ဟု မှတ်သားရပါသည် ။

( ၃ )

ကဆုန်လနှင့် ယှဉ်တွဲဖော်ပြရမည့်လကား မေလ ဖြစ်၏။ ကမ္ဘာ့ ပြက္ခဒိန်တွင် ငါးခုမြောက်လ။ မေလ (MAY) သည် ရှေးခေတ်ရောမ လူမျိုးတို့ က ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဝပြောစည်ပင်ခြင်းတို့ ကို အစိုးရသည် ဟု ယုံကြည်ကိုးကွယ်သော နတ်သမီးမေယာ ( Maia ) ၏ အမည်ကို ရည်ညွှန်းသော အမည်ဖြစ်နိုင်သည် ဟု ယူဆကြ၏။

ရောမနိုင်ငံတွင် မေလ ( ၁ ) ရက်နေ့ကို ပန်းနတ်သမီးဖြစ်သူ ဖလော်ရာ၏ နေ့ဟု သတ်မှတ်ပြီး ထိုနေ့၌ ပန်းမျိုးစုံကို ခင်းကျင်း၍ ပွဲတော်ကျင်းပသည် ။ အလယ်ခေတ်တွင် ဥရောပတိုက်သားတို့ သည် မေလ ( ၁ ) ရက်ကို မေဒေးဟု သတ်မှတ်၍ ထိုနေ့တွင် ပန်းမန်များ နှင့် သစ်ကိုင်းသ

စ်ခက်များကို အလှအပဆင်၍ စီတန်းလှည့်လည်ခြင်း ပြုလေ့ရှိ၏။ မေပိုးလ် ( May Pole ) ခေါ် တိုင်တစ်တိုင်၏ ထိပ်ဖျားတွင် ပန်းစက္ကူများ ချည်ထားပြီး ထိုပန်းစက္ကူ၏ အဖျားကို လူများကကိုင်၍ တိုင်ကြီးကိုလှ ည့်လည်ကာ ကခုန်ခြင်းပြုလေ့ ရှိပါသည် ။

မေဒေးအဖြစ် သမိုင်းတွင် ရခြင်းမှာ ၁၈၈၉ ခု ၊ မေလ ( ၁ ) ရက်နေ့ ပြင်သစ်ပြည် ပါရီမြို့၌ ကျင်းပသော ကမ္ဘာ့ဆိုရှယ်လစ် ညီလာခံကြီးက ၁၈၉၀ ပြည့် မေလ ( ၁ ) ရက်နေ့မှ စ၍ နှစ်စဉ် မေဒေးနေ့အဖြစ် သတ်မှ တ်ရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် ဖြစ်သည် ။ ဖိနှိပ်အုပ်ချုပ်သူ အလုပ်ရှင်တို့ ၏ ရက်စက်မှု မတရားမှုတို့ ၏ ဘေးမှ အဖိနှိပ်ခံလုပ်သားထု လွတ်မြော က်သောနေ့လည်း ဖြစ်ပါ၏။ လုပ်သားထု အောင်ပွဲရသည့်နေ့။ ထို့ကြော င့် မေဒေးနေ့တွင် အလုပ်သမားများ စီတန်းလှည့်လည်ခြင်း၊ လူထုအစ ည်းအဝေးများ ကျင်းပခြင်းတို့ ကို ပြုလုပ်လာကြသည် ။ လုပ်သားစုဝေး မေဒေး အရသာ။ ထို့ကြောင့် ကဗျာဆရာဇော်နောင်က မေဒေးမုန်တိုင်း ကဗျာ၌

**" မေဒေးမုန်တိုင်း ၊ အရှေ့ လှိုင်းလျှင်**

**သမိုင်းတစ်ရစ်**

**အလုပ်သမားခေတ်ကို**

**ထုဆစ်ပုံဖော်ပေးခဲ့၏ "**

ဟု ရေးဖွဲ့ခဲ့သလို ၊ ကဗျာဆရာ ဖျာပုံနီလုံဦးကလည်း " လုပ်အားသ စ်နှင့် လုပ်အားခ " ကဗျာ၌

**" ခေတ်ဟောင်းက စနစ်အို**

ပြိုခဲ့ပါပေါ့လား။

အသွင်သစ် အမြင်သစ်တွေနဲ့

လုပ်သားခေတ် တစ်ဂုဏ်တိုးစေဖို့

တစ်ဖုံတိုးကာ ခေတ်အမြင်နှင့်

စနစ်ထွင်ကာ မြန်ပြည်တစ်လွှားမှာ ဖြင့်

ချစ်ကြင်ကာ လက်ချင်းတွဲလို့ ရယ်

လုပ်သားတို့ ရေ . . .

လုပ်အားခ တိုးမြင့်စေသား "

ဟု မေဒေးနှင့် လုပ်သားဂုဏ်ပြုကဗျာ ဖွဲ့ခဲ့ကြခြင်း ဖြစ်သည် ။

သမိုင်းထဲက မေအကြောင်း မှတ်တမ်းတင်ရလျှင် ၁၉၃၈ မေ ၁ ရက်တွင် တို့ ဗမာ အစည်းအရုံးက ဦးဆောင်၍ ရေနံချောင်းမြို့၌ ကမ္ဘာ့အလုပ်သမားနေ့ကို စတင်ကျင်းပသည် ။

၁၉၃ဝ မေလ ၅ ရက်တွင် မြေငလျင် ကြီးစွာလှုပ်ခတ်မှုကြောင့် ရန်ကုန်နှင့် ပဲခူးမြို့များ ၌ တိုက်များ ပြို၍ အိမ်များ မီးလောင်သည် ။ ရွှေတိဂုံ စေတီ စိန်ဖူးတော်လည်း ကျိုးသည် ။

(၂ဝ၁၈ မေလ ၇ ရက်တွင် ဗလာဒီမာပူတင်က ရုရှားပြည်၏ စတုတ္ထမြောက် သမ္မတတာဝန်ထမ်းဆောင်ရန် ကျမ်းသစ္စာကျိန်ဆိုသည် ။ အတိုက်အခံတို့ က ခေတ်သစ်ဇာဘုရင် တစ်ပါးဟု ပြက်ရယ်ပြုကြသည် ။ စတာလင်နောက်ပိုင်း ရုရှားသမိုင်းတွင် ကာလအရှည်ကြာဆုံး ခေါင်းဆောင် ဖြစ်၏။

၁၉၄၈ မေလ ၈ ရက်တွင် နိုင်ငံတော်လုပ်ကြံမှုတရားခံ ဂဠုန် ဦးစောနှင့် ကြံရာပါ ငါးဦးကို ကြိုးပေးသည်။

၁၉၄၀ မေလ ၁၁ ရက်တွင် သခင်ကိုယ်တော်မှိုင်း ကြီးမှူးသော တို့ဗမာအစည်းအရုံး၏ နိုင်ငံလုံးဆိုင်ရာ ပဉ္စမအကြိမ်မြောက် ညီလာခံကို သာယာဝတီမြို့၌ ကျင်းပ၏။

၁၉၅၀ မေ ၁၄ တွင် အစိုးရတပ်များက ပေါင်းတည်မြို့ကို ပြန်လည်သိမ်းပိုက်သည်။

၁၉၄၅ မေ ၁၆ တွင် မိတ္ထီလာမြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှဗိုလ်ချုပ်ကြီး ဝီလီယံစလင်းတို့ တွေ့ဆုံဆွေးနွေးသည်။

၁၉၄၇ မေလ ၂၁ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလ အဖွဲ့ချုပ် ပဏာမညီလာခံ သဘာပတိမိန့်ခွန်း၌ ဖဆပလအဖွဲ့သည် ဒိုမီနီယံအဆင့် လွတ်လပ်ရေးကို အလိုမရှိဘဲ လုံးဝလွတ်လပ်ရေးသာ အလိုရှိကြောင်း ထည့်သွင်းပြောကြားသည်။

၁၉၉၀ မေလ ၂၇ တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပသည်။

၁၉၃၀ မေလ ၃၀ ရက်သည် တို့ဗမာအစည်းအရုံး စတင် ထူထောင်သောနေ့ ဖြစ်သည်။

၁၉၄၈ မေ ၁ ရက်တွင် မြောက်ကိုရီးယားနိုင်ငံကို စတင်ထူထောင်သည်။

၁၉၇၉ မေ ၄ ရက်တွင် မစ္စ မာဂရက်သက်ချာသည် ဗြိတိန် နိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာသည်။

၁၈၂၁ မေ ၅ ရက်တွင် စစ်ဘုရင် နပိုလီလျံဘိုနာပတ်သည် နယ်နှင်ခံ

ထားရစဉ် စိန့်ဟယ်လီနာကျွန်း၌ ကွယ်လွန်သည် ။

၁၉၄၅ မေ ၇ ရက်တွင် ဒုတိယကမ္ဘာစစ် ရှုံးခဲ့သော ဂျာမနီ နိုင်ငံက အကြွင်းမဲ့ လက်နက်ချသည် ။

အချို့ကလည်း မေ ၁၃ ရက်နေ့ကို အမေများ နေ့ဟု သတ်မှတ် ကြသည် ကို တွေ့ရသည် ။

၁၉၄၈ မေ ၁၄ တွင် အစ္စရေးနိုင်ငံ ထူထောင်သည် ။

၁၉၆၄ မေ ၂၇ တွင် ခေတ်သစ်အိန္ဒိယနိုင်ငံကို ထူထောင်သူ ဝန်ကြီးချုပ် ဂျဝါဟာလာနေရူး ရုတ်တရက် ကွယ်လွန်သည် ။

( ၄ )

ကဆုန်လပြည့်နေ့သည် နေ့ထူးနေ့မြတ် ဖြစ်၏။ ဗုဒ္ဓဘာသာဝင် တို့အဖို့ ညောင်ရေသွန်းပွဲတော်နေ့လည်း ဖြစ်၏။ ဤနေ့တွင် ဘုရားလောင်း သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု နိယတ ဗျာဒိတ်တော် ခံယူရရှိသည့်နေ့ ဖြစ်သည် ။

ဤနေ့သည် မယ်တော်မာယာ၏ ဝမ်းကြာတိုက်မှ ဘုရားအလောင်းတော် ကို မီးရှူးသန့်စင် ဖွားမြင်သောနေ့ ဖြစ်သည် ။ ဤနေ့သည် အလောင်းတော်မင်းသား သစ္စာလေးပါးကို သိမြင်တော်မူပြီး ဘုရားအဖြစ်သို့ ရောက် ရှိသောနေ့ ဖြစ်သည် ။ ဤနေ့သည် ဖွားဖက်တော်ခုနစ်ပါးတွင် ပါဝင်သော မဟာဗောဓိပင် ပေါက်သောနေ့ ဖြစ်သည် ။ ထို့ အတူ ဘုရားရှင်သည် ဝါတော် ၄၅ ဝါ ၊ သက်တော် ၈၀ ၌ ပရိနိဗ္ဗာန်စံ တော်မူခဲ့

သောနေ့လည်း ဖြစ်သည် ။

ဤလကဆုန်သည် နွေနှောင်းရာသီဖြစ်၍ " တန်ခူးကဆုန် ဆွေ့ဆွေ့ခုန် " အောင် အပူလွန်ကဲသလို ၊ " ကဆုန်နယုန် မိုးသံစုံ " ဟူသော စကားအတိုင်း မိုးရိပ်လေရိပ်များ ယှက်သန်း လာလေ့ရှိပါသည် ။

ရှေးရေး မိုး ၁၂ မျိုး တွင် မူ " ကဆုန်အတွင်း ၊ မြေသင်းပျံ့ပျံ့ ၊ မိုးနံ့နံ့ " ဟု ဆိုပါသည် ။

မင်းတရားရွှေထီးဧချင်းတွင် " ထစ်ကျူးမိုးသား ၊ ပြန်ကြားမြူးခုန် ၊ ကဆုန်ခါနွေ " ဟု ကဆုန်လ၏ မိုးသားထစ်ကျူးပုံကို သတိထားဖို့ စာသား အလှဖြင့် ကဗျာသခဲ့ခြင်း ဖြစ်မည်။ မည်မျှပင် အပူကဲပါစေ၊ အပူထဲ ထိုးခွဲရဲရဲဖြင့် ဖူးပွင့်လာသည့် ရာသီပန်းဖြစ်သော စကားပန်း၏ သတ္တိကို တော့ အတုယူသင့်လှပါသည် ။

သို့ဖြစ်၍ လူးတားဆရာ ဦးယာက

**" ရာသီလိုက်သင့် ၊ ရွှေပွင့်စကား**

**မြသားရိုးနေ ၊ ပန်းမိုးစေ့** " ဟု

ရေးခဲ့သည် ထင့်။

ဤသို့ဖြင့် အလှမျိုးစုံ လကဆုန်ကို အာရုံပူးကပ်၍ ကဗျာတစ်ပုဒ် ရေးစပ်ကြည့်မိပါသည် ။ ကဗျာဖတ်သူ စာဖတ်သူ၏ ရင်ဘတ်နှင့်အကျွာ အဟပ်ကမူ ရသခံစားမှုနှင့်သာ ဆိုင်လိမ့်မည် ထင်ပါသည် ။

**" မေအလှနဲ့ လကဆုန် "**

နေမင်းသူရိန် ပူရှိန်ပြင်းလို့

နွေတလင်းပေါ် ဆွေ့ဆွေ့ခုန် ။

မေနဲ့ ကဆုန် အတူတွဲလို့

မလွဲစေနဲ့ စိတ်အာရုံ။

စကားဝါးငုံ ဝတ်မှုန်ကူးလို့

မိုးသားကျူးစ လေရူးသုန်။

ပညာရှိတွေ မိန့်ဆိုတတ်ကြ

ရေပြတ်လဟု မှတ်ကြကုန်

ရိုးရာစဉ်လာ ဖော်ကာညွှန်းမကွဲ့

ညောင်ရေသွန်းတဲ့ လကဆုန်

အလှစုံ အလှစုံ။ ။

(၅)

ခုလို နွေနှောင်းရင်ခုန် လကဆုန်ရောက်လျှင် ကဆုန်နှင့်တွဲနေသည့် မေလကိုလည်း သတိရမိနေတတ်ပါသည် ။ မေလနှင့် အတူ ထပ်၍ အမှတ်ရစကားတစ်ခုကလည်း အစဉ်အမြဲ ကပ်၍ ပါ လာလေ့ရှိပါသည် ။

တခြားမဟုတ်ပါ ။ ကျွန်တော့်ကို စတင်ညို့ယူ ဖမ်းစားခဲ့သည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ " မောင့်ဘဝ ညအလားကွယ်"ဝတ္ထုထဲက စာသားလေးတစ်ခု ဖြစ်ပါသည် ။ ဝတ္ထုအဖွင့်တွင် ဆရာ့ ဇာတ်လိုက်က သူ့

ချစ်သူ မမမေကို တင်စားဖွဲ့ဆိုရာတွင် " မေလလို လှပတဲ့ မမမေ"ဟူ၍ ဖြစ်၏။

အကယ်၍ များ ဆရာသက်ရှိထင်ရှား ရှိနေဦးမည်ဆိုပါက မေလလို ဘယ်လိုများ လှတာလဲ ဆရာရယ်ဟု ဆရာ့ထံ တောင်းပန်ခယစွာ မေးချင်စမ်းပါဘိတော့သည် ။

**စံတော်ချိန်သတင်းစာ**

*****